# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၁၆/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၁) ရက်

| ၁၁- ၈- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀၀ |
| ယူရို | ၂,၂၄၆.၅၀ |
| စင်္ကာပူဒေါ်လာ | ၁,၆၃၄.၉၄ |
| စတာလင်ပေါင် | ၂,၈၂၇.၃၄ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၂၃.၄၉ |
| တရုတ်ယွမ် | ၂၉၂.၄၁ |
| ဟောင်ကောင်ဒေါ်လာ | ၂၆၇.၅၂ |
| အိန္ဒိယရူပီး | ၂၃.၉၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၁.၀၇ |
| မလေးရှားရင်းဂစ် | ၄၉၆.၁၀ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၈၄ |
| ရုရှားရူဘယ် | ၂၆.၃၁ |
| ထိုင်းဘတ် | ၆၄.၈၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၁ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံတွင် ယခုနှစ် ခါရစ် (မိုး) စိုက်ပျိုးရာသီတွင် ပဲစင်းငုံ စိုက်ပျိုးဧရိယာ ၈ ရာခိုင်နှုန်းခန့် ကျဆင်း

➢ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့မှုတန်ဖိုး သိသိသာသာ တိုးတက်

➢ အိန္ဒိယပုစွန်တင်ပို့သူများက အမေရိကန်၏ အခွန်သက်ရောက်မှုကို ကာမိစေရန် အစိုးရ၏ မက်လုံးပေးအကူအညီများအား တောင်းခံ

- **အထွေထွေသတင်းများ**

➢ အိန္ဒိယနိုင်ငံအခြေစိုက် ကုမ္ပဏီ ၆ ခုအား အီရန်ရေနံ၊ ရေနံထွက်ပစ္စည်းသို့မဟုတ် ရေနံဓာတုပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်သည်ဟု စွပ်စွဲကာ အမေရိကန်မှ ပိတ်ဆို့အရေးယူမှုများ ပြုလုပ်

➢ ရုရှားမှ ရေနံအား ဆက်လက်ဝယ်ယူမှုအတွက် ဒဏ်ခတ်အရေးယူမှုအဖြစ် အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်းများအပေါ် နောက်ထပ် ၂၅ ရာခိုင်နှုန်း အကောက်ခွန် တိုးမြှင့်ကောက်ခံမည်ဟု အမေရိကန် ပြောကြား

# အိန္ဒိယနိုင်ငံတွင် ယခုနှစ် ခါရစ် (မိုး) စိုက်ပျိုးရာသီတွင် ပဲစင်းငုံ စိုက်ပျိုးဧရိယာ ၈ ရာခိုင်နှုန်းခန့် ကျဆင်း

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ခါရစ် (မိုး) စိုက်ပျိုးရာသီတွင် ပဲစင်းငုံ စိုက်ပျိုးဧရိယာသည် အထူးသဖြင့် Karnataka ပြည်နယ်၊ Maharashtra ပြည်နယ်နှင့် Gujarat ပြည်နယ်တို့တွင် စိုက်ဧရိယာကျဆင်းမှုကြောင့် ယခင်နှစ်အဆင့်ထက် နောက်ကျကျန်ခဲ့ကြောင်း၊ အဆိုပါပြည်နယ်များရှိ တောင်သူအချို့သည် ပြောင်း၊ ဝါဂွမ်းနှင့် ဆီထွက်သီးနှံများကဲ့သို့ အခြားဝင်ငွေကောင်းသော သီးနှံများသို့ ပြောင်းလဲ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ သို့ရာတွင် Telangana ပြည်နယ်တွင်မူ ယခုနှစ် ပဲစင်းငုံ စိုက်ပျိုးဧရိယာ တိုးတက်လာကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၉ ရက်က ဖော်ပြသည်။

လက်ရှိအချိန်အထိ ပဲစင်းငုံစိုက်ပျိုးဧရိယာ ၈ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။ ဇူလိုင်လ ၂၅ ရက်နေ့အထိ ဟက်တာ ၃၄ ဒသမ ၉၀ သိန်း (၃.၄၉ သန်း ဟက်တာ) ခန့် စိုက်ပျိုးထားပြီး ယခင်နှစ် အလားတူကာလက ဟက်တာ ၃၇ ဒသမ ၉၉ သိန်း (၃.၇၉၉ သန်း ဟက်တာ) စိုက်ပျိုးထားရှိခဲ့ကြောင်း သိရသည်။ ပုံမှန်အတိုင်းဆိုပါက ဟက်တာ ၄၄ ဒသမ ၇၁ သိန်း (၄.၄၇၁ သန်း ဟက်တာ) စိုက်ပျိုးနိုင်ကြောင်း အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ဇူလိုင်လ ၂၅ ရက်နေ့အထိ Karnataka ပြည်နယ်၏ ပဲစင်းငုံစိုက်ပျိုးဧရိယာသည် ဟက်တာ ၁၃ ဒသမ ၀၁ သိန်း (၁.၃၀၁ သန်း ဟက်တာ) (ယခင်က ဟက်တာ ၁၅ ဒသမ ၄၂ သိန်း) ရှိကြောင်း သိရသည်။ အဆိုပါပြည်နယ်သည် ဟက်တာ ၁၆ ဒသမ ၈၀ သိန်း (၁.၆၈ သန်း ဟက်တာ) စိုက်ပျိုးရန် ပန်းတိုင်ရည်မှန်းချက်ထားခဲ့ကြောင်း သိရသည်။ ပဲစင်းငုံ အများဆုံးထုတ်လုပ်သည့် Kalaburagi ခရိုင်တွင် ဧရိယာ ဟက်တာ ၅ ဒသမ ၃၅ သိန်း (၅၃၅,၀၀၀ ဟက်တာ) ရှိခဲ့ကြောင်း သိရသည်။ စိုက်ပျိုးခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သဖြင့် အဆိုပါ ဧရိယာသည် ဟက်တာ ၆ သိန်း (၆၀၀,၀၀၀ ဟက်တာ) ဝန်းကျင်အထိ ထပ်မံတိုးမြင့်လာနိုင်ကြောင်း သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။ ပဲစင်းငုံ ဈေးနှုန်းနိမ့်ကျနေခြင်းကြောင့် တောင်သူအချို့သည် ပြောင်း၊ ဝါဂွမ်းနှင့် ကြံသီးနှံများသို့ ပြောင်းလဲစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

Kalaburagi ခရိုင်ရှိ Karnataka Pradesh Red Gram Growers Association ဥက္ကဋ္ဌ Basavaraj Ingin က ဈေးကွက်ပေါက်ဈေးကျဆင်းမှုကြောင့် ယခုနှစ်တွင် စိုက်ပျိုးဧရိယာလျော့နည်းနိုင်ကြောင်း ပြောကြားခဲ့သည်။ ပဲစင်းငုံဈေးနှုန်းများသည် Kalaburagi ခရိုင်တွင် ၁ ကွင်တယ်

Agribusiness & Trade

(၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၅,၃၀၀-၆,၇၀၀ ဝန်းကျင်တွင် ရှိနေပြီး အနည်းဆုံးပံ့ပိုးဈေးနှုန်း (Minimum support price-MSP) ရူပီး ၈,၀၀၀ အောက် များစွာနိမ့်ကျလျက်ရှိကြောင်း တွေ့ရှိရသည်။

ပြည်ပမှ ပဲစင်းငုံ အများအပြားတင်သွင်းမှုကြောင့် ပြည်တွင်းဈေးနှုန်းများအပေါ် ဖိအားဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်ရပြီး အိန္ဒိယအစိုးရသည် ပဲစင်းငုံ အကောက်ခွန်မဲ့တင်သွင်းမှုကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ခဲ့ကြောင်း သိရသည်။

အလားတူပင် Maharashtra ပြည်နယ်တွင် ပဲစင်းငုံ စိုက်ပျိုးဧရိယာသည် ယခင်နှစ်ထက် အနည်းငယ် နိမ့်ကျလျက်ရှိကြောင်း တွေ့ရှိရသည်။ ဇူလိုင်လ ၂၁ ရက်နေ့အထိ အဆိုပါပြည်နယ်တွင် ပဲစင်းငုံစိုက်ပျိုးဧရိယာ ဟက်တာ ၁၁ ဒသမ ၄၄ သိန်း (ယခင်က ဟက်တာ ၁၁ ဒသမ ၆၀ သိန်း) ရှိကြောင်း သိရသည်။ ထို့ပြင် Gujarat ပြည်နယ်တွင်လည်း ဇူလိုင်လ ၂၈ ရက်နေ့အထိ ပဲစင်းငုံ စိုက်ပျိုးဧရိယာသည် ဟက်တာ ၁ ဒသမ ၅၅ သိန်း (ယခင်က ဟက်တာ ၁ ဒသမ ၉၆ သိန်း) ဖြင့် နိမ့်ကျနေခဲ့ကြောင်း တွေ့ရှိရသည်။ Andhra Pradesh ပြည်နယ်တွင်လည်း ဇူလိုင်လ ၂၃ ရက်နေ့အထိ ပဲစင်းငုံ စိုက်ပျိုးဧရိယာသည် ၆၈,၀၀၀ ဟက်တာ (ယခင်က ၈၂,၀၀၀ ဟက်တာ) အသီးသီး ရှိခဲ့ကြောင်း သိရသည်။

တစ်ခုတည်းသော ခြွင်းချက်မှာ Telangana ပြည်နယ်ဖြစ်ပြီး ယခုနှစ်တွင် တောင်သူများသည် ပဲစင်းငုံစိုက်ပျိုးဧရိယာကို တိုးမြှင့်ခဲ့ကြကြောင်း တွေ့ရှိရသည်။ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နောက်ဆုံးရရှိသော အချက်အလက်များအရ ဇူလိုင်လ ၂၃ ရက်နေ့အထိ ပဲမျိုးရင်းဝင်သီးနှံ စိုက်ပျိုးဧရိယာသည် ဟက်တာ ၄ ဒသမ ၂၁ သိန်း (ယခင်က ဟက်တာ ၃ ဒသမ ၆၅ သိန်း) ရှိခဲ့ကြောင်း သိရသည်။

"တောင်သူအချို့က ပြောင်းဖူးလိုမျိုး ဝင်ငွေကောင်းတဲ့ သီးနှံတွေဘက်ကို ပြောင်းလဲစိုက်ပျိုးနေတာတွေ့ရတဲ့အတွက် ဒီနှစ်မှာ ပဲစင်းငုံစိုက်ပျိုးဧရိယာဟာ ၅-၁၀ ရာခိုင်နှုန်းလောက် ကျဆင်းနိုင်ပါတယ်" ဟု Latur မြို့မှ စက်ပိုင်ရှင် Nitin Kalantri က ပြောကြားခဲ့သည်။

"ပဲစင်းငုံဈေးနှုန်းတွေဟာ ပေါများတဲ့ ရောင်းလိုအားအခြေအနေကြောင့် မနှစ်ကနဲ့ယှဉ်ရင် ၄၀ ရာခိုင်နှုန်းလောက် ကျဆင်းနေပါတယ်။ ဒီနှစ်မှာ စိုက်ဧရိယာကျဆင်းပါလိမ့်မယ်" ဟု iGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံ တင်သွင်းမှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၁၂ ဒသမ ၂၃ သိန်းအထိ မြင့်တက်ခဲ့ပြီး ယခင်နှစ်က တန်ချိန် ၇ ဒသမ ၇၁ သိန်းသာ ရှိခဲ့ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံစိုက်ဧရိယာကျဆင်းနေပြီး၊ တောင်သူများမှာလည်း အခြားသောတွက်ခြေကိုက်သည့် သီးနှံများသို့ ပြောင်းလဲစိုက်ပျိုးလာကြသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် မိုးများခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များကြောင့် ပဲစင်းငုံအထွက်နှုန်းအပေါ် သက်ရောက်မှုများ ရှိပါသဖြင့် မြန်မာနိုင်ငံတွက် အဆိုပါပဲကို အိန္ဒိယနိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းရှိပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Indian pigeonpea area down 8% so far as farmers eye other crops in key producing States, July 29, 2025

## ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့မှုတန်ဖိုး သိသိသာသာ တိုးတက်

အိန္ဒိယအောက်လွှတ်တော်တွင် အစိုးရက ပေးအပ်ခဲ့သည့် အချက်အလက်များအရ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အိန္ဒိယနိုင်ငံသို့ ကွမ်းသီးတင်ပို့မှုတန်ဖိုး သိသိသာသာ တိုးတက်လာခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၉ ရက်က ဖော်ပြသည်။

အိန္ဒိယအောက်လွှတ်တော်၌ ယခုလ ၂၉ ရက်နေ့တွင် ပြုလုပ်ခဲ့သော အစည်းအဝေးတွင် စီးပွားရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jitin Prasada က ၂၀၂၁-၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အထိ ကွမ်းသီးတင်သွင်းမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို လွှတ်တော်သို့ စာဖြင့်ရေးသား ဖြေကြားခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သော ကွမ်းသီးတန်ဖိုးသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၉ သန်းမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၀၆ သန်းသို့ တိုးတက်ခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယအစိုးရ၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံ၏ စုစုပေါင်း ကွမ်းသီးတင်သွင်းမှုတန်ဖိုးသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၉၉ သန်းရှိခဲ့ရာမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၄၅ သန်းသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ

အချက်အလက်များအရ အိန္ဒိယနိုင်ငံ၏ စုစုပေါင်းကွမ်းသီးတင်သွင်းမှုတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝေစုသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် ၉ ရာခိုင်နှုန်းရှိရာမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ၃၇ ရာခိုင်နှုန်းသို့ တိုးမြင့်လာခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သော ကွမ်းသီးတန်ဖိုးသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆၁ သန်းမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၂၀ သန်းသို့ တိုးလာခဲ့ကြောင်း သိရသည်။

**သီရိလင်္ကာနိုင်ငံမှ တင်သွင်းမှု ကျဆင်းခြင်း**

သို့ရာတွင် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း သီရိလင်္ကာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တင်ပို့သော ကွမ်းသီးတန်ဖိုး ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

သီရိလင်္ကာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တင်ပို့သော ကွမ်းသီးတန်ဖိုးသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၈၇ သန်းမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၉၇ သန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ကွမ်းသီးတင်ပို့မှုတန်ဖိုးသည်လည်း ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၁၄ သန်းမှ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၆ သန်းသို့ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၁၉ သန်းနှင့် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၁၈ သန်း တန်ဖိုးရှိ ကွမ်းသီးများကို တင်သွင်းခဲ့ကြောင်း သိရသည်။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ကွမ်းသီးပိုမိုတင်သွင်းနိုင်မည့် အခွင့်အလမ်းများ ရှိနေကြောင်းနှင့် သတ်မှတ်ထားသော အရည်အသွေးစံချိန်စံညွှန်းများနှင့် အခြားသော သွင်းကုန်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်တင်ပို့နိုင်မည်ဆိုပါက ကွမ်းသီးစိုက်တောင်သူများအတွက် အကျိုးကျေးဇူးရရှိစေနိုင်ကာ နိုင်ငံ၏ပို့ကုန်ဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Hindu Businessline, Arecanut exports from Bangladesh to India quadruple to $53 million in 2024-25, July 29, 2025

……………………………………………………………………………………………..

Agribusiness & Trade

# အိန္ဒိယပုစွန်တင်ပို့သူများက အမေရိကန်၏ အခွန်သက်ရောက်မှုကို ကာမိစေရန် အစိုးရ၏ မက်လုံးပေးအကူအညီများအား တောင်းခံ

အိန္ဒိယနိုင်ငံ၏ အကြီးဆုံးပင်လယ်စာ ဈေးကွက်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုသို့ ပုစွန်တင်ပို့မှုအပေါ် ၅၀ ရာခိုင်နှုန်း တန်ပြန်သွင်းကုန်ခွန်ကောက်ခံမှုက အဆိုပါကဏ္ဍအပေါ် ထိခိုက်နစ်နာစေမည်ဖြစ်ရာ၊ သက်ဆိုင်သူများက အစိုးရ၏ ကြားဝင်ဆောင်ရွက်မှုများမှ တစ်ဆင့်အခြေအနေကို ကျော်လွှားနိုင်ရန် အကူအညီများ တောင်းခံခဲ့ကြောင်း သိရသည်။ အိန္ဒိယအစိုးရ၏ အတိုးနှုန်းညီမျှစေရေးအစီအစဉ် (Interest equalisation scheme) ပြန်လည်စတင်ခြင်းနှင့် ပို့ကုန်အများအပေါ်ကျခံထားသည့် အခွန်အခများပြန်လည်လျှောက်ထားရယူခွင့် အစီအစဉ် (The Remission of Duties and Taxes on Exported Products -RoDTEP scheme) အောက်ရှိ မက်လုံးများကို တိုးမြှင့်ပေးခြင်းကဲ့သို့သော အစီအစဉ်များကို ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုခဲ့ကြကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၇ ရက်နေ့တွင် ဖော်ပြခဲ့သည်။

သက်ဆိုင်သူများက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများ ထုတ်ဖော်ပြောကြားရာတွင် အိန္ဒိယပင်လယ်စာ ပို့ကုန်လုပ်ငန်းရှင်များအသင်း (Seafood Exporters Association of India -SEAI) က ဤမျှမြင့်မားသော အခွန်နှုန်းထားဖြင့် မည်သည့်ဈေးကွက်သို့မျှ ကုန်ပစ္စည်းများ တင်ပို့ရန် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ အဆိုပါ လုပ်ရပ်သည် အိန္ဒိယပင်လယ်စာကဏ္ဍအတွက် အဆိုပါနိုင်ငံ၌ တည်ရှိနေသော ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၃ ဘီလီယံတန်ဖိုးရှိ ဈေးကွက်ကို အန္တရာယ်ဖြစ်စေသည်ဟု SEAI ၏ အထွေထွေအတွင်းရေးမှူး K.N. Raghvan က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုမှ ကျင့်သုံးလျက်ရှိသည့် မတူညီသော အခွန်နှုန်းထားစနစ် (Differential tariff system) သည် နိုင်ငံအသီးသီးအား မတူညီသော အခွန်နှုန်းထားများကို ကမ်းလှမ်းထားရာ၊ ၎င်းသည် အိန္ဒိယပင်လယ်စာကဏ္ဍကို သိသိသာသာနစ်နာစေကြောင်း၊ အိန္ဒိယ၏ အဓိကပြိုင်ဘက်များမှာ အခွန်နှုန်းထား ၁၅ ရာခိုင်နှုန်းရှိသော အီကွေဒေါနိုင်ငံဖြစ်ပြီး၊ အင်ဒိုနီးရှား (၁၉ ရာခိုင်နှုန်း) နှင့် ဗီယက်နမ် (၂၀ ရာခိုင်နှုန်း) တို့က နောက်မှလိုက်လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါနိုင်ငံများမှ အမေရိကန်ပြည်ထောင်စုသို့ ပင်လယ်စာတင်ပို့ရာတွင် အိန္ဒိယနိုင်ငံထက် ကြီးမားသော "အကောက်ခွန်ဆိုင်ရာအား သာချက်" ကို ရရှိစေသည်ဟု Raghavan က ပြောကြားခဲ့သည်။

Agribusiness & Trade

SEAI အနေဖြင့် အိန္ဒိယပင်လယ်စာထွက်ကုန်များအတွက် အခြားဈေးကွက်များကို ရှာဖွေလျက်ရှိသော်လည်း လက်ရှိရင်ဆိုင်နေရသော ခက်ခဲသောအခြေအနေကို ကျော်လွှားနိုင်ရန် အစိုးရ၏ အကူအညီကို တောင်းခံခဲ့ခြင်းဖြစ်သည်။ ထုတ်လုပ်မှုယူနစ်များတွင် လုပ်ငန်းများ မရပ်မနားဆက်လက်လုပ်ဆောင်နိုင်ရန်နှင့် ဝယ်ယူမှုများ အနှောင့်အယှက်မရှိ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ယင်းသို့ အကူအညီတောင်းခံရခြင်းဖြစ်ကြောင်း သိရသည်။ "အမေရိကန်ပြည်ထောင်စုသို့ ပင်လယ်စာဆက်လက်တင်ပို့မှုကို လွယ်ကူချောမွေ့စေမယ့် အမြန်ဆုံးဖြေရှင်းချက်တစ်ခု ထွက်ပေါ်လာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယ မွေးမြူရေးအစာစပ် လုပ်ငန်းရှင်များအသင်း (Compound Livestock Feed Manufacturers Association -CLFMA) ၏ ဥက္ကဋ္ဌ Divya Kumar Gulati က "အိန္ဒိယမွေးမြူရေးနှင့် ပင်လယ်စာပို့ကုန်များအပေါ် အမေရိကန်ပြည်ထောင်စုက ၅၀ ရာခိုင်နှုန်း အကောက်ခွန်စည်းကြပ်မှုဟာ ဒီကဏ္ဍအတွက် ကြီးမားတဲ့ ထိခိုက်နစ်နာမှုပါပဲ။ ဒီအခွန်တွေက ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းကို ထိခိုက်စေရုံသာမကဘဲ အထူးသဖြင့် ရေလုပ်ငန်းနဲ့ တိရစ္ဆာန်ပရိုတင်းထုတ်လုပ်မှုက အရေးပါတဲ့ ကမ်းရိုးတန်းနဲ့ ကျေးလက်စီးပွားရေးတွေက အသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေကိုပါ ထိခိုက်စေပါတယ်။ ဒီသက်ရောက်မှုကို လျှော့ချဖို့အတွက် RoDTEP လိုမျိုး အစီအစဉ်တွေအောက်မှာ ပို့ကုန်မက်လုံးတွေကို ချဲ့ထွင်ပြီး ပြန်လည်ချိန်ညှိဖို့၊ ထိခိုက်နစ်နာတဲ့ကဏ္ဍတွေအတွက် WTO-စည်းမျဉ်းများကို လိုက်နာမှုရှိတဲ့ ပိုမိုမြင့်မားတဲ့ လျှော့ဈေးတွေပေးအပ်ဖို့ အစိုးရကို ကျွန်တော်တို့ တိုက်တွန်းပါတယ်" ဟု ပြောကြားခဲ့သည်။ "ပို့ကုန်လုပ်ငန်းရှင်တွေ၊ အထူးသဖြင့် အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေအတွက် ချေးငွေရရှိမှု လွယ်ကူစေဖို့နဲ့ ငွေကြေးကုန်ကျစရိတ်တွေ လျှော့ချနိုင်ဖို့ Interest Equalisation Scheme (IES) ကို ပြန်လည်စတင်ဖို့ ကျွန်တော်တို့ အကြံပြုပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စုအပေါ် မှီခိုမှုကို လျှော့ချရန်အတွက် အရှေ့အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကကဲ့သို့သော ဖွံ့ဖြိုးဆဲဒေသများသို့ ဈေးကွက်ဝင်ရောက်ခွင့်ကို လွယ်ကူချောမွေ့စေခြင်းဖြင့် ဈေးကွက်ကွဲပြားမှု (Market diversification)ကို တက်ကြွစွာ မြှင့်တင်ရမည်ဟု Gulati က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယင်းသို့ တိုးမြှင့်ခွန် ၅၀ ရာခိုင်နှုန်းအပြင် ပင်လယ်စာ ပို့ကုန်များအပေါ် စည်းကြပ်ကောက်ခံသည့် တန်ပြန်အခွန် (Counter vailing duty) ၅ ဒသမ ၇၇ ရာခိုင်နှုန်းနှင့် စုပုံ

Agribusiness & Trade

တင်ပို့မှုတန်ပြန်သည့်အခွန်များ (Anti-dumping duties) ထပ်ဆောင်းပေးဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Seafood Exporters Association of India အနေဖြင့် အဆိုပါတိုးမြှင့်အခွန်များ၏ ဝန်ထုပ်ဝန်ပိုးကို ပို့ကုန်လုပ်ငန်းရှင်များအပေါ် ကျခံစေမည်မဟုတ်ဘဲ အမေရိကန်ပြည်ထောင်စုရှိ ဝယ်လက်များထံ လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

InCred Equities မှ လေ့လာသုံးသပ်သူ Nitin Awasthi က ကမ္ဘာလုံးဆိုင်ရာ ရောင်းလိုအားအခြေအနေတင်းကျပ်လာခြင်းနှင့် ပြည်တွင်းအခြေခံအုတ်မြစ်များ ခိုင်မာလာခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ပုစွန်ပို့ကုန်ကဏ္ဍတွင် ထိပ်တန်းပြိုင်ဘက်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ နိုင်ငံအနေဖြင့် ရေတိုအခက်အခဲသည် ရှိနေသော်လည်း ရေရှည်အလားအလာမှာ မပြောင်းလဲသေးဟု ၎င်းက ပြောကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, Indian shrimp exporters seek incentives to offset tariff impact, August 7, 2025

.......................................................................................................

## အိန္ဒိယနိုင်ငံအခြေစိုက် ကုမ္ပဏီ ၆ ခုအား အီရန်ရေနံ၊ ရေနံထွက်ပစ္စည်း သို့မဟုတ် ရေနံဓာတုပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်သည်ဟု စွပ်စွဲကာ အမေရိကန်မှ ပိတ်ဆို့အရေးယူမှုများ ပြုလုပ်

အမေရိကန်ပြည်ထောင်စုက အိန္ဒိယနိုင်ငံအခြေစိုက် ကုမ္ပဏီ ၆ ခုအား အီရန်ရေနံ၊ ရေနံထွက်ပစ္စည်း သို့မဟုတ် ရေနံဓာတုပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်သည်ဟု စွပ်စွဲကာ ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၃၁ ရက်က ဖော်ပြသည်။

အဆိုပါ ပိတ်ဆို့အရေးယူမှုများသည် တူရကီနိုင်ငံ၊ ယူအေအီးနိုင်ငံ အစရှိသည့်နိုင်ငံများတွင် အခြေစိုက်သော အီရန်ပင်ရင်း ရေနံကုန်သွယ်မှုတွင် ပါဝင်ပတ်သက်သည့် ကုမ္ပဏီ ၂၀ ခန့်အပေါ်

ချမှတ်ခဲ့သော ပိုမိုကျယ်ပြန့်သည့် အရေးယူမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါ ပိတ်ဆို့အရေးယူမှုများကို ယခုလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

"ယနေ့လုပ်ဆောင်ချက်များက အီရန်ရဲ့ တရားမဝင် ရေနံနှင့် ရေနံဓာတုကုန်သွယ်မှုကို အထောက်အကူပြုသူများကို ပစ်မှတ်ထားရန်နှင့် ၎င်းတို့၏ မတည်ငြိမ်သော လုပ်ဆောင်မှုများကို ထောက်ပံ့ရန်အတွက် အီရန်အစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုနည်းလမ်းများကို ဖြတ်တောက်ရန် ဆိုတဲ့ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ကို အလေးပေးဖော်ပြပါတယ်" ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနက ပြောကြားခဲ့ သည်။

အဆိုပါ အရေးယူပိတ်ဆို့ခံခဲ့ရသော အိန္ဒိယကုမ္ပဏီများတွင် Kanchan Polymers၊ Alchemical Solutions၊ Ramniklal S Gosalia၊ Jupiter Dye Chem၊ Global Industrial Chemicals နှင့် Persistent Petrochem တို့ ပါဝင်ကြောင်း သိရသည်။

သတ်မှတ်ထားသောပုဂ္ဂိုလ်များ၏ အမေရိကန်ပြည်ထောင်စုတွင်ရှိသော သို့မဟုတ် အမေရိကန်၏ လက်ဝယ်ထိန်းချုပ်မှုအောက်တွင်ရှိသော ပိုင်ဆိုင်မှုများနှင့် ပိုင်ဆိုင်မှုဆိုင်ရာ အကျိုးစီးပွား အားလုံးကို ပိတ်ဆို့ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အုပ်ချုပ်ရေးအမိန့် အမှတ် ၁၃၈၄၆ အရ အရေးယူမှုများသည် ပိတ်ဆို့အရေးယူခံရသော ကုမ္ပဏီများက ၅၀ ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်ပို၍ ပိုင်ဆိုင်သည့် မည်သည့်အဖွဲ့အစည်းကိုမဆို ပိတ်ဆို့ထားကြောင်း သိရသည်။ အဆိုပါ ပိတ်ဆို့အရေးယူမှုများသည် အီရန်ရေနံနှင့် ရေနံဓာတု ပစ္စည်းများကို သယ်ယူပို့ဆောင်ရောင်းချရာတွင် ကူညီပေးသည့် အီရန်၏ အရိပ်အမှောင်ရေယာဉ် အုပ်စုနှင့် ကြားခံပုဂ္ဂိုလ်များကို တန်ပြန်ရန် အမေရိကန်ပြည်ထောင်စုမှ လုပ်ဆောင်ချက်၏ တစ်စိတ် တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

အီရန်အစိုးရသည် အရှေ့အလယ်ပိုင်းဒေသရှိ ပဋိပက္ခများကို ဆက်လက်ဖြစ်ပေါ်စေပြီး ၎င်း၏ မတည်ငြိမ်သော လုပ်ဆောင်မှုများကို ထောက်ပံ့ရန် ရန်ပုံငွေရှာဖွေနေကြောင်း၊ ယနေ့တွင် အမေရိကန်ပြည်ထောင်စုသည် နိုင်ငံရပ်ခြား၌ အကြမ်းဖက်မှုကို ထောက်ပံ့ရန်နှင့် ၎င်း၏ပြည်သူများကို ဖိနှိပ်ရန် အီရန်အစိုးရအဖွဲ့က အသုံးပြုသည့် ဝင်ငွေစီးဆင်းမှုကို ရပ်တန့်ရန် လုပ်ဆောင်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အီရန်၏ ရေနံနှင့် ရေနံဓာတုပစ္စည်းတင်ပို့မှုများကို နေရာအများအပြားရှိ တရားမဝင် သင်္ဘော ပို့ဆောင်ရေး အထောက်အကူပြုသူများ၏ ကွန်ရက်က အထောက်အကူပြုလျက်ရှိပြီး ၎င်းတို့သည်

Agribusiness & Trade

ဖုံးကွယ်လှည့်ဖြားခြင်းဖြင့် အီရန်ရေနံနှင့် ရေနံဓာတုပစ္စည်းများကို တတိယနိုင်ငံများရှိ ဝယ်ယူသူများထံ ရောင်းချရန် တင်ဆောင်သယ်ယူပို့ဆောင်နေသည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါ ကုမ္ပဏီများက စီမံခန့်ခွဲသော သင်္ဘောများသည် အီရန်ရေနံစိမ်း၊ ရေနံထွက်ပစ္စည်းများနှင့် ရေနံဓာတုပစ္စည်း သန်းပေါင်းများစွာကို သယ်ယူပို့ဆောင်ခဲ့ပြီး အီရန်တင်ပို့မှု ထောက်ပံ့ရေးကွင်းဆက်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း တွေ့ရှိရသည်။ ၎င်းတို့သည် ပုံမှန်အားဖြင့် မှောင်ခိုလုပ်ငန်းများနှင့် အခြားလှည့်ဖြားသော သင်္ဘောပို့ဆောင်ရေး အလေ့အကျင့်များတွင် ပါဝင်ပတ်သက်ခဲ့ပြီး အခြားသင်္ဘောများနှင့် ကုန်သွယ်မှုစီးဆင်းမှုများကို အန္တရာယ်ဖြစ်စေခဲ့သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ကောင်းထွဋ်နွေအောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, US sanctions 6 Indian firms over Iran oil trade, July 31, 2025

........................................................................................................

## ရုရှားမှ ရေနံအား ဆက်လက် ဝယ်ယူမှုအတွက် ဒဏ်ခတ်အရေးယူမှုအဖြစ် အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်းများအပေါ် နောက်ထပ် ၂၅ ရာခိုင်နှုန်း အကောက်ခွန်တိုးမြှင့်ကောက်ခံမည်ဟု အမေရိကန် ပြောကြား

အမေရိကန်သမ္မတ Donald Trump သည် နယူးဒေလီအနေဖြင့် ရုရှားမှ ရေနံအား ဆက်လက်ဝယ်ယူမှုအတွက် ဒဏ်ခတ်အရေးယူမှုအဖြစ် အိန္ဒိယနိုင်ငံမှ ကုန်ပစ္စည်းများအပေါ် နောက်ထပ် ၂၅ ရာခိုင်နှုန်း အကောက်ခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း ယခုလ ၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် အုပ်ချုပ်ရေးဆိုင်ရာအမိန့်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း ET Energy World သတင်းဌာနက ယခုလ ၆ ရက်တွင် ဖော်ပြထားသည်။

သမ္မတ Trump သည် ၎င်း၏ မူလအကောက်ခွန်များ အသက်ဝင်ရန် ၁၄ နာရီပင် မလိုတော့သည့်အချိန်တွင် နောက်ထပ်အကောက်ခွန်တိုးမြှင့်ကောက်ခံသည့် အဆိုပါ အုပ်ချုပ်ရေးဆိုင်ရာအမိန့်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်ထုတ်ပြန်ခဲ့ပြီးနောက် အိန္ဒိယကုန်ပစ္စည်းများအပေါ် သေးငယ်သော ကင်းလွတ်ခွင့် စာရင်းမှလွဲ၍ စုစုပေါင်းအကောက်ခွန် ၅၀ ရာခိုင်နှုန်းအထိ စည်းကြပ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယပို့ကုန်ပစ္စည်းများအပေါ် ကောက်ခံရန် သတ်မှတ်ထားသည့် မူလအခွန် ၂၅ ရာခိုင်နှုန်းသည် ယခုလ ၇ ရက်နေ့တွင် အသက်ဝင်မည်ဖြစ်ပြီး နောက်ထပ်အခွန်သည် ၂၁ ရက်အကြာတွင် အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

လေ့လာသုံးသပ်သူများက Trump ၏ အဆိုပါ လုပ်ရပ်သည် ၎င်းအနေဖြင့် ဇန်နဝါရီလတွင် ရာထူးပြန်လည်ရယူပြီးနောက်ပိုင်း အမေရိကန်-အိန္ဒိယ ဆက်ဆံရေးတွင် အဆိုးရွားဆုံး ကျဆင်းလာမှုကို ပြသနေကြောင်း ပြောကြားခဲ့သည်။ အဆိုပါ အကောက်ခွန်များသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၇ ဘီလီယံနီးပါးတန်ဖိုးရှိသော ပို့ကုန်များကို တင်ပို့ခဲ့သည့် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ပို့ကုန်ဈေးကွက်သို့ ဝင်ရောက်ခွင့်ကို ထိခိုက်စေနိုင်ပြီး အထည်အလိပ်၊ ဖိနပ်၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာကဲ့သို့သော ကဏ္ဍများကို ထိခိုက်စေမည်ဖြစ်ကြောင်း Reuters သတင်းဌာနက ယခုလ ၇ ရက်နေ့က ဖော်ပြထားသည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနက အဆိုပါဆုံးဖြတ်ချက်ကို "လွန်စွာကံမကောင်း" သောဖြစ်ရပ်ဟု ပြောကြားခဲ့ပြီး အခြားနိုင်ငံများစွာလည်း ၎င်းတို့၏ အမျိုးသားစီးပွားရေး အကျိုးစီးပွားအတွက် ရုရှားရေနံကို တင်သွင်းနေကြသည်ဟု ထောက်ပြပြောကြားသည်။

"အိန္ဒိယနိုင်ငံသည် ၎င်း၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန် လိုအပ်သော အဆင့်တိုင်းကို ဆောင်ရွက်သွားမည်" ဟု ပြောကြားခဲ့ပြီး၊ အဆိုပါ ဝယ်ယူမှုများသည် ဈေးကွက်ဆိုင်ရာ အကြောင်းအရင်းများနှင့် အိန္ဒိယလူဦးရေ ၁ ဒသမ ၄ ဘီလီယံ၏ စွမ်းအင်လိုအပ်ချက်များကြောင့် ဖြစ်ကြောင်း ပြည်ပရေးရာဝန်ကြီးဌာနက ဖြည့်စွက် ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်သည် အိန္ဒိယဝန်ကြီးချုပ် Narendra Modi ၏ ခုနစ်နှစ်ကျော်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ရန် ပြင်ဆင်နေချိန်နှင့် တိုက်ဆိုင်နေပြီး၊ ဝါရှင်တန်နှင့် ဆက်ဆံရေးတင်းမာလာသည်နှင့်အမျှ အိန္ဒိယအနေဖြင့် ၎င်း၏ မဟာမိတ်ဖွဲ့မှုများကို ပြန်လည်ချိန်ညှိနိုင်ခြေရှိသည့်အချက်ကို ဖော်ပြနေသည်ဟု ဆိုသည်။

ပြီးခဲ့သည့် သီတင်းပတ်ငါးပတ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့သည့် ကမ္ဘာ့ရေနံဈေးနှုန်းများသည် ဗုဒ္ဓဟူးနေ့တွင် ၁ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ကြောင်း သိရသည်။ အလားတူပင် အိန္ဒိယရေနံ

ဈေးနှုန်းသည် ပြီးခဲ့သည့် ဇူလိုင်လက ရေနံစိမ်းတစ်စည်လျှင် ကန်ဒေါ်လာ ၇၀ ဒသမ ၉၅ ရှိခဲ့ရာမှ ယခုလ ၆ ရက်နေ့တွင် ရေနံစိမ်းတစ်စည်လျှင် ကန်ဒေါ်လာ ၇၁ ဒသမ ၅၀ သို့ရောက်ရှိခဲ့ကြောင်း အိန္ဒိယ စက်သုံးဆီစီမံချက်ရေးဆွဲရေးနှင့် ဆန်းစစ်လေ့လာရေးဌာန (Petroleum Planning & Analysis Cell) မှ ထုတ်ပြန်ထားသည်။

အဆိုပါ တိုးမြှင့်ထားသော အကောက်ခွန်ကြောင့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များသည် ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်တို့မှ ကုန်သွယ်ဖက်ပြိုင်ဘက်များနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်း ၃၀ မှ ၃၅ ရာခိုင်နှုန်းခန့် နိမ့်ကျလျက်ရှိနေကြောင်းနှင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုများ သိသိသာသာလျော့ကျသွားခြင်းသည် အိန္ဒိယနိုင်ငံ၏ GDP တိုးတက်နှုန်းကို ယခုနှစ်တွင် ၆ ရာခိုင်နှုန်း အောက်သို့ ကျဆင်းစေနိုင်ပြီး၊ ယခင် အိန္ဒိယဗဟိုဘဏ်၏ ခန့်မှန်းချက် ၆ ဒသမ ၅ ရာခိုင်နှုန်းမှ လျော့ကျသွားဖွယ် ရှိကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: (1) ET EnergyWorld, Trump doubles tariff on India to 50% for buying Russian oil, Aug 6, 2025

(2) Reuters, Trump imposes extra 25% tariff on Indian goods, ties hit new low,Aug 7, 2025

……………………………………………………………………………………………

Agribusiness & Trade